# တင်မိုး၏ ကဗျာများမှ ဘဝအားမာန်နှင့် မိဘမေတ္တာအဖွဲ့များ

သန်းသန်းမော်*

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်လာ ခေတ်ကဗျာကဏ္ဍမှ ဆရာတင်မိုး၏ ကဗျာများကို လေ့လာတင်ပြထားပါသည်။ အလေ့လာခံအဖြစ် တင်မိုးကဗျာများကို လေ့လာတင်ပြထားပါသည်။ အလေ့လာခံအဖြစ် တင်မိုး၏ ကဗျာပေါင်းချုပ်-၁ မှ ကဗျာ(၉)ပုဒ်ကို လေ့လာတင်ပြထားပါသည်။ ရည်ရွယ်ချက်မှာ စာဖတ်သူတို့အား ဘဝအားမာန်ဖြစ်စေလိုခြင်းနှင့် မိဘများ၏ မေတ္တာသရုပ်ကို သိရှိစေလိုခြင်းပင် ဖြစ်ပါ သည်။ ဤကဗျာများကို လေ့လာခြင်းအားဖြင့် လောကီလူသားတိုင်းကြုံတွေ့ ခံစား ရမည့် လောကဓံတရားများကို ကြံ့ကြံ့ခံနိုင်သော ဘဝအားမာန်နှင့် မိဘတို့သည် သားသမီး များအပေါ်ထားရှိသော မေတ္တာတရားများကို ခံစားနားလည်ရမည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရ - ဘဝအားမာန်အဖွဲ့များ<br>
မိဘမေတ္တာအဖွဲ့များ

## ၁။ တင်မိုး၏ အတ္ထုပ္ပတ္တိအကျဉ်း

ကဗျာဆရာကြီး တင်မိုးကို ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကန်မြဲကျေးရွာ၌ အဖ ဦးဘအိုနှင့် အမိ ဒေါ်စံထယ်တို့မှ မွေးဖွားပြီး အမည်ရင်းမှာ ဦးဘဂျမ်း ဖြစ်သည်။

၁၉၅၀ ခုနှစ်ကပင် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပြီး ပခုက္ကူ နေ့စဉ်သတင်းစာတွင် 'ကိုရင်ဂျမ်း' အမည်ဖြင့် ဆောင်းပါးများရေးခဲ့သည်။ ရေစကြိုမြို့၊ မြဝတီစာကြည့်သင်း ထူထောင်သူလည်းဖြစ်သည်။ မန္တလေးတက္ကသိုလ် တက်ရောက်နေစဉ်မှာပင် မန္တလေးဆေးတက္ကသိုလ်ဝင်ကျောင်း၌ မြန်မာစာဆရာအဖြစ် လုပ်ကိုင်ခဲ့သေးသည်။

၁၉၅၉ တွင် မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်းမှ ထုတ်ဝေသော 'ဖန်မီးအိမ်'ကဗျာများစာအုပ်ဖြင့် စာပေဗိမာန်ဆု ရရှိခဲ့သည်။ မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်း၏ ဒုတိယ ဥက္ကဋ္ဌ၊ တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း အတွင်းရေးမှူး မြန်မာစာတည်း (၁၉၅၉-၆၀) တက္ကသိုလ်ကျောင်းသားသမဂ္ဂစာကြည့်တိုက်မှူး၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းအမှုဆောင်၊ ဒုဥက္ကဋ္ဌ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဂုဏ်ထူးတန်းတက်သည်။ ၁၉၆၅ တွင် မန္တလေးတက္ကသိုလ်မှ B.A ဘွဲ့ရပြီး မန္တလေးတွင် (ပွဲကုန်း၊ ရွှေမန်းနေပြည်တော်)နှင့် ရန်ကုန် (VEA) တို့တွင် မြန်မာစာသင်ပြခဲ့သည်။ ကိုရင်ဂျမ်းအမည်နှင့် ''ပန်းလက်ဆောင် အစမ်းစာများ''စာအုပ်ကို ထုတ်ဝေ၍ သပြေစာအုပ်တိုက်ကိုလည်း တည်ထောင်ခဲ့သည်။

၁၉၆၆-၆၇ တွင် လူထုသတင်းစာ ကဗျာအယ်ဒီတာချုပ်အဖြစ် လုပ်ဆောင်သည်။ ကဗျာနှင့် စာပေဆောင်းပါးများ ရေးသားခဲ့ပြီး ၁၉၆၇-၆၈တွင် ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသို့ စာပြုနှင့် လက်ထောက်အယ်ဒီတာ တာဝန်များ ပြောင်းရွှေ့အမှုထမ်းသည်။ ၁၉၇၀ တွင် ''ထီးကလေးနဲ့ မနီ''ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေ (ကလေးစာပေ)ဆု ရရှိသည်။

---

* ကထိက၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

၂၀၀၂ တွင် အမေရိကန်ပြည်ထောင်စုအခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ (Human Rights Watch) မှ Hellman Hammett Grants ဆုချီးမြှင့်ခံရသည်။ ၂၀၀၄၊ အောက်တိုဘာတွင် နယ်သာလန်နိုင်ငံမှ Rrince Claus Awards စာပေဆုချီးမြှင့်ခံရသည်။

၂၀၀၇၊ ဇန်နဝါရီ ၂၂ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့ နေအိမ်အနီး လက်ဖက်ရည်ဆိုင်လေး၌ ကွယ်လွန်ခဲ့ပါသည်။

**၂။ ကဗျာအဓိပ္ပာယ်၊ သဘောသဘာဝ**

မြန်မာစာပေတွင် ကဗျာဟူသည် ခံစားမှုရသကို ပေးစွမ်းနိုင်သော စာပေအဖွဲ့တစ်မျိုးဖြစ်သည်။ ရသစာပေသည် ပတ်ဝန်းကျင်တွင် မြင်တွေ့ရသော လောကအမူအရာ၊ လူ့အမူအရာတို့ကို အခြေခံ၍ ခံစားမှုဘဝအသိအမြင်ကို ရရှိစေသည့် စာပေဖြစ်သည်။ ရသစာပေပုံသဏ္ဍာန်တစ်ခုဖြစ်သည့် ကဗျာကို ရေးဖွဲ့ရာတွင် အသံ၊ ကာရန်၊ စည်းမျဉ်းစည်းကမ်းတို့နှင့်အညီ ရေးဖွဲ့ရသည်။

ကဗျာ့သဘောကို ပညာရှင်အသီးသီးတို့က အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ မြန်မာအဘိဓာန်တွင်–

> **ကဗျာ/ ဂဗျာ/ န – စည်းမျဉ်းများနှင့်အညီ စာလုံး၊**
> **စာပိုဒ်အရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံအနေအထား**
> **စသည်ဖြင့် သီကုံးထားသောအဖွဲ့အနွဲ့။ (သ၊ ကာဗျ)[၁]**

ဟူ၍လည်းကောင်း၊

ကဗျာဗန္ဓသာရကျမ်းတွင် ပုဂံဝန်ထောက်မင်း ဦးတင်က–

> **ကဗျာဟူသောသဒ္ဒါမှာ မြန်မာဘာသာတိုက်ရိုက်**
> **တိုတိုလိုရင်းအဓိပ္ပာယ် အနက် ပြန်ခဲ့လျှင် ဖွဲ့သည်ဆိုလိုသည်။**
> **သဒ္ဒါနက်ပြန်ခဲ့လျှင် ပညာရှိတို့ ဖွဲ့စီသီကုံး သောစာ ဆိုလိုသည်။[၂]**

ဟူ၍လည်းကောင်း ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဖွဲ့ထုံးစည်းကမ်းများနှင့်အညီ အသံသာယာပြေပြစ်အောင် အလင်္ကာအဆင်တန်ဆာများဖြင့် စီကုံးဖွဲ့နွဲ့ထားခြင်းကို ကဗျာဟုခေါ်ကြောင်း သိရသည်။

ဆရာမင်းသုဝဏ်က ကဗျာ၏သဘောကို ''ကဗျာရေးချင် စာစပ်သင်''စာအုပ်တွင်–

> **ကဗျာဆိုသည်မှာ အဘယ်နည်းဆိုလျှင် စကားလုံးတို့ကို သင့်လျော်အောင် ဖက်စပ်ဖန်ဆင်းဖွဲ့ဆို သီကုံးထားသည့် စကားလုံးအရုပ်ကလေးတွေဖြစ်ပါသည် ဟူ၍ လွယ်လွယ်ပင် ဖြေဆိုလိုပါသည်။[၃]**

ဆရာတင်မိုးက 'မြန်မာကဗျာရှုခင်း'တွင်–

> **ကဗျာဟူသည် ကဗျာဆန်သော စကားလုံးအနက် 'ခေါင်'ဟူသော စကာလုံးကိုရွေး၍ သီကုံးမှမဟုတ် နေ့စဉ်သုံးစကားရိုးကိုပင် ထူးခြားအောင် ထိထိခိုက် ခိုက်ဖြစ်အောင် သုံးတတ်လျှင်၊ နေရာတကျ စည်းရုံးဖွဲ့ဆိုတတ်လျှင် ကဗျာ ကောင်းဖြစ်နိုင်ပေသည်။[၄]**

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၄။

[၂] တင်၊ ဦး (ပုဂံဝန်ထောက်–)၊ ၂၀၁၃၊ ၅။

[၃] မင်းသုဝဏ်၊ ၁၉၆၅၊ ၅၅။

[၄] တင်မိုး၊ ၂၀၁၁၊ ၉၂။

ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။ ထိုဖွင့်ဆိုချက်များအရ ကဗျာသည် ကဗျာဆရာ၏ ဘဝ အတွေ့အကြုံတို့မှ ပေါ်ပေါက်လာသော ခံစားချက်အတွေးစိတ်ကူးတို့ကို ကဗျာဖန်တီးမှုအတတ်ပညာဖြင့် အနုပညာလက်ရာမြောက်စွာ ဖွဲ့နွဲ့သီကုံးထားသည့် စာပေပုံသဏ္ဌာန်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကဗျာသည် စာဖတ်သူအား နှစ်သက်မှုရသကို ပေးစွမ်းနိုင်ရုံသာမက လောက၏ အမှန် တရားကိုပါ ရှာဖွေတွေ့ရှိစေနိုင်ပြီး ဘဝအသိအမြင်ကိုပါ ရရှိစေသည့် ရသစာပေအဖွဲ့အနွဲ့တစ်မျိုး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**၃။ တင်မိုး၏ ကဗျာများမှ ဘဝအားမာန်နှင့် မိဘမေတ္တာအဖွဲ့များ**

လောကတွင် လူ့ဘဝသည် အနိမ့်အမြင့်၊ အတက်အကျတို့ဖြင့် အမြဲပြောင်းလဲနေပေသည်။ ထိုသဘောကိုသိရှိရင်ဆိုင် ဖြေရှင်းတတ်သူများရှိသကဲ့သို့ စိုးရွံ့ထိတ်လန့်နေသူများလည်း ရှိပေသည်။ ထိုသို့သော ခံစားမှုများကို ပြေလျော့စေနိုင်သော ခွန်အားသစ်များ လိုအပ်လှပေသည်။ ထိုသဘောကိုသိသော စာဆိုတို့က မိမိတို့၏ ကလောင်စွမ်းနှင့် အားမာန်တက်စေသော ကဗျာများဖြင့် အားသစ်မွေးပေးတတ်ကြသည်။ လောကရှိ သားသမီးတို့သည်လည်း မိဘတို့၏ ချစ်ခြင်းမေတ္တာကို မမြင်နိုင်ဘဲ ရှိသည်ကို စာဆိုတို့က မိမိတို့စွမ်းအားဖြင့် ကြီးမားလှသော မေတ္တာတရားကို ပြသ တတ်ကြပေသည်။ ဤသို့သော ကဗျာစာဆိုတို့တွင် ဆရာတင်မိုးသည်လည်း တစ်ယောက်အပါ အဝင်ဖြစ်ပါသည်။

**တင်မိုး၏ကဗျာများမှ ဘဝအားမာန်အဖွဲ့များ**

ဘဝအားမာန်နှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင်–

**ဘဝ ဆိုသည်မှာ အဖြစ်။ ဖြစ်ခြင်း။ (ပါ၊ ဘဝ)**[၅] ဟုလည်းကောင်း

**အား ဆိုသည်မှာ ခွန်အား။ စွမ်းအင်**[၆] ဟုလည်းကောင်း

**မာန် ဆိုသည်မှာ ထောင်လွှားမောက်မာမှု။ ခက်ထန်မှု (ပါ၊ မာန)**[၇]

ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ဘဝအားမာန်ဟူသည် မိမိကြုံတွေ့ရမည့် အဖြစ်အပျက်၊ အခြေအနေကို ရင်ဆိုင် ကျော်လွှားနိုင်ရမည်ဟူသော စိတ်ဓာတ်ဖြင့် ခွန်အားသစ်များ ဖြစ်ပေါ်လာခြင်းဟု ဖွင့်ဆိုချင်ပါသည်။

ဆရာတင်မိုး၏ ဖန်မီးအိမ်ကဗျာများမှ ဘဝအားမာန်ကဗျာများတွင် ရည်ရွယ်ချက်၊ ရည်မှန်း ချက်ပျက်၍ လမ်းပျောက်နေသူတို့ကို ဖေးမကူညီပေးပုံ၊ လူ့လောကတွင် ရင်ဆိုင်ကြုံတွေ့ရမည့် လောကဓံတရားကို ကြောက်ရွံ့ကာ ရင်မဆိုင်ရဲသူတို့ကိုလည်း ဘဝခွန်အားပေးကာ လောကဓံကို ရင်ဆိုင်တတ်စေရန် တိုက်တွန်းအားပေးထားပုံ၊ လောကဓံကို ဓနီး ခင်ပွန်းကောင်း၊ မိတ်ဆွေ သူငယ်ချင်းကောင်းများဖြင့် အတူတူဖေးမကူညီကာ ရင်ဆိုင်ကျော်ဖြတ်ပါက အားတတ်ဖွယ်ဖြစ်ပုံ၊ ထို့ကြောင့် မိတ်ဆွေသူငယ်ချင်းကောင်းများ ရှိရန်လိုအပ်ပုံ၊ ဘဝတွင်ကြုံတွေ့ရမည့် ကံကြမ္မာဆိုးများ ကိုလည်း သတ္တိရှိရှိ ရင်ဆိုင်ကျော်ဖြတ်ကာ ကိုယ်ပိုင်အရည်အသွေးဖြင့် လောကကိုအလှဆင်သင့်ပုံ စသည်တို့ဖြင့် အားအင်ပေးကာ ရေးဖွဲ့ထားသည့် ဘဝအားမာန်ကဗျာများဖြစ်ကြောင်း တွေ့ရသည်။

---

[၅] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၅၅။

[၆] – ယင်း –၊ ၄၂၉။

[၇] – ယင်း –၊ ၂၈၀။

ဆရာတင်မိုး၏ 'ဖန်မီးအိမ်'ကဗျာတွင် ဖန်မီးအိမ်လေးသည် ဂုဏ်ပကာသနများဖြင့် အဆင့်အတန်းမြင့်မားသည့် လူကုံထံအသိုင်းအဝိုင်းကြားထဲတွင် ထွန်းလင်းတောက်ပနိုင်လိမ့်မည်မဟုတ်၊ ခမ်းနားဝင့်ထည်ခြင်းလည်း ရှိမည်မဟုတ်ပေ။ သို့သော် ဖန်မီးအိမ်လေးသည် ဘဝခရီးလမ်းချော်မွေ့နေသူတို့အတွက် မဟုတ်ဘဲ အားငယ်နေသူ၊ သိမ်ငယ်နေသူ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်ပျက်ကာ လမ်းပျောက်နေသူတို့အတွက် အားပေးကူညီကာ လမ်းပြပေးနိုင်မည်ဖြစ်ကြောင်းကို–

**ဖန်မီးအိမ်သည်**
**မငြိမ်မသက်၊ စိတ်ယောက်ယက်နှင့်**
**လမ်းပျက်တူရူ၊ လျှောက်လာသူကို**
**အားကူမျှသာ ထွန်းမည်တည်း**[၇]

ဟူ၍ ရေးဖွဲ့ထားသည်။ ဤကဗျာလေးထဲတွင် ကဗျာဆရာသည် 'ဖန်မီးအိမ်'ကဲ့သို့ မိမိဘဝကို ခိုင်းနှိုင်းထားသည်။ ကဗျာဆရာသည် မိမိတွင်ရှိသော အရည်အသွေးဖြင့် လောကကို အလင်း ပြကာ အလှဆင်လိုသည့်သဘောကို တွေ့ရသည်။

ကဗျာထဲတွင် 'ဖန်မီးအိမ်'လေး၏ အဆင်းသည် နေမင်းကဲ့သို့ ထွန်းလင်းတောက်ပခြင်း မရှိသော်လည်း မိမိတွင်ရှိသည့် ကိုယ်ပိုင်အလင်းရောင်လေးဖြင့် အားမာန်ဖြည့်တင်းကာ မိမိသန်ရာမှ ဤလောက၏အမိုက်အမှောင်ကို ဖယ်ရှားကာ အလှဆင်လိုသည့်သဘောကို တွေ့ရသည်။ ထိုသဘောကို ကဗျာတွင်–

**သူ့အဆင်းသည်**
**နေမင်းပမာ၊ သော်တာအလား**
**မဝင်းငြားလည်း၊ သူ့အားသူ့မာန်**
**သူပိုင်ဟန်ဖြင့်၊ သူသန်ရာမှ**
**ဤလောကကို**
**အလှဆင်လိုဟန်တကား . . .**[၈]

ဟူ၍ ရေးဖွဲ့ထားပါသည်။ ကဗျာဆရာသည် မိမိတွင်ရှိသော ကိုယ်ပိုင်အရည်အသွေးလေးဖြင့် ဤလောကကို အလှဆင်လိုသည့်ဆန္ဒကို ထုတ်ဖော်ပြထားသည်။ ဤကဲ့သို့ပင် လောကရှိ လူသားတို့သည်လည်း မိမိတို့ကျရောက်နေသည့် အခန်းကဏ္ဍမှာ မကြီးကျယ် မမြင့်မြတ်သော်လည်း မိမိတို့ပိုင်ဆိုင်သည့် ကိုယ်ပိုင်အတွေးအသိတို့ဖြင့် ကိုယ်ပိုင်အရည်အသွေးတို့ကို ထုတ်ဖေါ်ကာ အားငယ်သူကို ဖေးမကူညီခြင်းဖြင့် စာနာသနားသည့်စိတ်ကို မွေးမြူကာ လောကကို အလှဆင်သင့်ကြောင်း တိုက်တွန်းရေးဖွဲ့ထားသည့် ကဗျာလေးဖြစ်ပါသည်။ မိမိဘဝသည် ဂုဏ်ပကာသန အဆင့်အတန်းများဖြင့် ကြီးကျယ်မြင့်မြတ် ဝင့်ထည်ခြင်းမရှိသော်လည်း အားမငယ်ဘဲ မိမိ၏ကိုယ်ပိုင်တန်ဖိုးဖြင့် လောကကို အလှဆင်၍ ကောင်းကျိုးပြုပါဟု တိုက်တွန်းနှိုးဆော်ထားသည့် ကဗျာလေးဖြစ်ပါသည်။

ထိုသဘောအတိုင်းပင် 'မပွင့်ပန်းသို့'ဟူသည့် ကဗျာလေးတွင်လည်း ရင်ဆိုင်တွေ့ရမည့် ဘေးအန္တရာယ်များကိုကြောက်ရွံ့ကာ မပွင့်လန်းရဲသည့် ပန်းကလေးကို အားပေးထားကြောင်းတွေ့ရသည်။ လူ့ဘဝတွင် လောကဓံအဆိုးကို ကြုံတွေ့ရ၍ ကျရှုံးနေရသော်လည်း စိတ်ပျက်အားမငယ်ဘဲ ကြိုးစားရင်ဆိုင်ပါဟု အားမာန်ပေးကာ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် လောကလူသားတို့ သည်

---

[၇] တင်မိုး၊ ၂၀၁၈၊ ၅။

[၈] - ယင်း-။ ၅။

မိမိတို့တတ်နိုင်သည့် ကိုယ်ပိုင်အရည်အသွေးဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှနေကာ လောက ကို အလှဆင်သင့်ကြောင်း၊ ထိုသို့ လောကကို အလှဆင်ပါက မိမိတို့၏ စွမ်းဆောင်ချက်ကို လူတိုင်းက သတိတရရှိနေကြမည်ဖြစ်ကြောင်းကို-

**အို- ပန်းအဖူးတို့**
**မြူး၍ကခုန်၊ ပွင့်ကြကုန်လော့**
**ပုံလျက်ပွင့်လန်း၊ သင့်အခန်းမှ**
**သင်စွမ်းရာ 'က'၊ သင့်အလှကို**
**မေ့ကြလိမ့်မည် မဟုတ်ချေ**[၁၀]

ဟူ၍ ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် 'မပွင့်ပန်းသို့'ကဗျာတွင် ဆရာတင်မိုးသည် လောကလူသား အားလုံး၏ စိတ်နှလုံးကို ကြွခိုင်စေရန် မိမိတို့ရောက်ရှိနေသည့် ဘဝအခြေအနေကို အားမငယ်ဘဲ ရောင့်ရဲတင်းတိမ်ကာ လောကကိုအလှဆင် ကောင်းကျိုးပြုစေလိုသည့်စိတ်များပေါ်ပေါက်လာစေရန် အားအင်ပေးကာ ရေးဖွဲ့ထားသည့် ဘဝအားမာန်ကဗျာများဖြစ်ကြောင်း တွေ့ရပါသည်။

ထို့ပြင် လောကကို ရင်ဆိုင်ရန် ကြောက်ရွံ့နေကြသည့်သူများကိုလည်း 'မပွင့်ပန်းသို့'ဟူသည့် ကဗျာတွင်-

**ဖူးငုံပါလျက် အပွင့်ခက်၍၊ ကြောက်နေသော ပန်းကလေး**[၁၁]

ဟူ၍လည်းကောင်း၊ 'နှင်းဆီမိုက်'ဟူသည့်ကဗျာတွင်-

**မဖူးပါရစေနှင့် ခူးကြမည်ကို စိုးမိသည်။**
**မငုံပါရစေနှင့် အုံကြမည်ကို စိုးမိသည်။**
**မပွင့်ပါရစေနှင့် သင့်ကြမည်ကို စိုးမိသည်။**[၁၂]

ဟု၍လည်းကောင်း လောကကြီးကို ရင်မဆိုင်ရဲသည့် ပန်းကလေးများအဖြစ် တင်စားကာ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ လောကတွင် လူဟူ၍ဖြစ်လာလျှင် လူ့လောကကြီးကို ရင်ဆိုင်ရဲရမည်၊ လောကသဘောကို သိပြီး လောကအကျိုးကို သယ်ပိုးနိုင်ရမည်။ လောကဓံအဆိုးအကောင်းကိုလည်း ခံနိုင်ရည်ရှိရမည်။ မိမိ၏ကိုယ်ပိုင်အရည်အသွေးကို မထုတ်ဖော်ဘဲ ကြုံတွေ့လာမည့် လောကဓံ တရားကို ကြိုတွေးကာ လောကကြီးကို အရှုံးပေးလိုက်ပါက လူဖြစ်ရကျိုးနပ်မည်မဟုတ်ပေ။ ထို့ကြောင့် ဖြစ်မလာသေးသည့် ကံကြမ္မာကိုကြိုတွေးကာ ဘဝကိုအရှုံးမပေးဘဲ ရင်ဆိုင်သင့်ပုံကို 'မပွင့်ပန်းသို့'ကဗျာထဲတွင်-

**ပွင့်လည်းပွင့်ချင်၊ မပွင့်ချင်နှင့်**
**ရွှေရင်စိုးနှောင့်၊ စိတ်မဖြောင့်ဘဲ**
**တစ်ထောင့်တစ်ကွေ့၊ ဖူးငုံသေးမြင့်**
**ကြွေဆွေးမခံပါလေနှင့်**[၁၃]

---

[၁၀] တင်မိုး၊ ၂၀၁၈၊ ၂၂။

[၁၁] – ယင်း –၊ ၂၁။

[၁၂] – ယင်း –၊ ၅၆။

[၁၃] တင်မိုး၊ ၂၀၁၈၊ ၂၁။

ဟူ၍ အားပေးတိုက်တွန်းကာ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ထို့ပြင် လူ့လောကဌ် အားငယ်မှု၊ သိမ်ငယ်မှုများဖြင့် ရပ်တည်မနေဘဲ မိမိ၏ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ပိုင်တန်ဖိုးဖြင့် လောကကို အလှဆင်ကာ ဝမ်းသာပီတိဖြင့် ရှင်လန်းဝမ်းမြောက်သင့်ပုံကိုလည်း ကဗျာထဲတွင်–

**အို တစ်ဖူးငယ်၊ အားမငယ်နှင့်**
**လူ့နယ်တစ်ဝန်း၊ အလှပန်းဖြင့်**
**ရှင်လန်းပါစေ၊ သာပါစေလေ့**[၁၄]

ဟူ၍ အားငယ်နေသည့်စိတ်များဖြင့် လောကကို ရင်မဆိုင်ရဲသူတို့အား လောကဓံကိုကြံ့ကြံ့ခံရင်ဆိုင်ကာ လောကကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်စေရန် ခွန်အားပေးကာ ရေးဖွဲ့ထားသည့် ကဗျာဖြစ်သည်ကို တွေ့ရပါသည်။

ထိုသို့ ကြောက်ရွံ့သည့်စိတ်များရှိပါလျက်နှင့် အဘယ်ကြောင့် ဤပထဝီမြေကြီးကို မှီတွယ်ကာ လူ့လောကသို့ ဝင်ရောက်လာရပါသနည်းဟူ၍ အားမလိုအားမရစိတ်ဖြင့် မေးထားသည့် ကဗျာဆရာ၏အမေးကိုလည်း 'နှင်းဆီမိုက်'ကဗျာတွင် တွေ့ရသည်။
ထိုကဗျာထဲတွင်–

**ကျွန်ုပ်မေးအံ့**
**မြေရေးပထဝီ၊ သင် နှင်းဆီသည်**
**တွယ်မှီဘယ့်ကြောင့်ပေါက်သနည်း။**[၁၅]

ဟူ၍ ကဗျာဆရာသည် အားမလိုအားမရဟန်ဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ လူ့လောကတွင် သန္ဓေတည်ကာ မွေးဖွားလာပြီးနောက် လောကအကျိုးပြုသည့်အလုပ်များဖြင့် လူသားတို့၏အကျိုး၊ လောကအကျိုး စသည်တို့ကို သယ်ပိုးဆောင်ရွက်သင့်ကြောင်း၊ ထိုသို့မဟုတ် ဘဲ လောကဓံကို ကြောက်ရွံ့ကာ အရာရာကို ရင်မဆိုင်ဘဲ လောကကောင်းကျိုးမပြု၊ သယ်ပိုးစွမ်း ဆောင်ခြင်းလည်း မရှိပါက ဤလူ့လောကထဲသို့ မလာသင့်ကြောင်း ဆိုထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ဆရာတင်မိုးသည် ''နှင်းဆီခင်းလွန်ခါစ''ဟူသည့်ကဗျာတွင် လူ့လောက ဤ တက္ကသိုလ်ကျောင်းသားဘဝတွင် သာယာကြည်နူးစရာများနှင့်သာ တွေ့ကြုံရမည်ဖြစ်ကြောင်း၊ သို့သော် ဘဝတက္ကသိုလ်သို့ ကူးပြောင်းရောက်ရှိလာချိန်တွင် လောကဓံအဆိုးအကောင်းများကို လက်တွေ့ကြုံရမည်ဖြစ်ကြောင်း၊ ထိုသို့ ကြုံတွေ့ခဲ့လျှင်လည်း လက်တွဲဖေါ်ဇနီးခင်ပွန်းကောင်း၊ မိတ်ဆွေအပေါင်းသင်းကောင်းတို့ဖြင့် အချင်းချင်းလက်တွဲမဖြုတ်ဘဲ ညီညီညာညာကျော်ဖြတ်သင့်ပုံကို

**အချင်းချင်းလျှင်၊ အဆင်းအတက်**
**လမ်းအပျက်ကြောင့်၊ ရှုက်မက်ပန်းရိ**
**ကိုယ်မချိ၍၊ မျက်စိမှေးမှိတ်**
**စက်နားအိပ်သော်၊ တဆိတ်ကလေး**
**လေအေးအေးနှင့်၊ ချိုတေးသီကာ**
**သိပ်ကြပါအံ့**[၁၆]

---

[၁၄] – ယင်း –၊ ၂၂။

[၁၅] – ယင်း –၊ ၅၆။

[၁၆] တင်မိုး၊ ၂၀၁၈၊ ၃၃။

ဟူ၍ ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် လက်တွေ့ဘဝကို လျှောက်လှမ်းရာတွင် ဘဝအခက်အခဲ မုန်တိုင်းများနှင့်လည်း ကြုံတွေ့ရမည်။ ထိုသို့ ဘဝခရီးကို လျှောက်လှမ်းနေကြသူများမှာ မိမိ တစ်ယောက်တည်းမဟုတ်ဘဲ ဇနီးခင်ပွန်းကောင်း၊ မိတ်ဆွေသူငယ်ချင်းကောင်းတို့၏ ဖေးမကူညီမှု များဖြင့် လျှောက်လှမ်းရသောကြောင့် အားတက်မိပုံကိုလည်း–

**ခရီးတစ်ထောက်၊ လှမ်းခဲ့ရောက်သော်**
**တစ်ယောက်တည်းသာ၊ မဟုတ်ပါ၍**
**ငါ့မှာရှင်အား တက်မိတကား**[၁၇]

ဟူ၍ ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် ကဗျာထဲတွင် လူ့ဘဝ၌ အခက်အခဲဒုက္ခများဖြင့် ကြုံတွေ့ရ သော် ရေတိမ်မနစ်ဘဲ မိမိဘေးတွင် ရပ်တည်နေကြသည့် ဇနီးခင်ပွန်းကောင်း၊ မိတ်ဆွေသူငယ်ချင်း ကောင်းများ၏ လက်တွဲခေါ်ယူဖေးမမှုကြောင့် အားငယ်စိတ်ပျက်မနေဘဲ လောကကြီးကို ဖြတ်သန်း လျှောက်လှမ်းလိုက်စမ်းပါဟူ၍ အားအင်ပေးကာ ရေးဖွဲ့ထားသည့် ဘဝအားမာန်ကဗျာလေးဖြစ်ပါ သည်။

ဆရာတင်မိုးသည် ဘဝအားမာန်ကဗျာများကို ရေးဖွဲ့ရာ၌ ယောကျ်ားကောင်းတို့၏စိတ်ဓာတ် ကိုလည်း အားအင်ဖြည့်ကာ ရေးဖွဲ့ထားသည်ကို 'သတ္တိရှင်'ကဗျာတွင် တွေ့ရပါသည်။ ယောကျ်ား ကောင်းတို့သည် မိသားစုစားဝတ်နေရေးအတွက် ရှုန်းကန်လှုပ်ရှားကာ ရှာဖွေကျွေးမွေးကြရာ၌ မိမိ ကောင်းကျိုးကိုသာ ကြည့်တတ်သည့် အတ္တစိတ်ထက်၊ မိသားစုအသိုင်းအဝန်းအားလုံးအတွက် ကြည့်ရှုပေးတတ်သည့် ပရစိတ်ကို မွေးမြူတတ်ရမည်ဖြစ်ကြောင်း၊ မိသားစုဘဝ တိုးတက်ကောင်းမွန် စေရန်၊ လိုအပ်ချက်များကို ပြည့်စုံလုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် အရေးကြီးကြောင်း ထိုသို့ ဖန်တီးပေးနိုင်သည့် အခြေအနေသို့ ရောက်ပါက ဝံ့ဝံ့ကြွားကြွားလေးနေသင့်ကြောင်းကို–

**နေအိမ်အတွက်၊ မြေစာယက်လျက်**
**ဝမ်းတွက်ရိက္ခာ၊ စုပေါင်းကာဖြင့်**
**ဝမ်းသာဝမ်းမြောက်၊ ခြေဖျားထောက်သည်**
**ယောကျ်ားဘသား၊ ပုရွက်ဆိတ်။**[၁၈]

ဟူ၍ ပုရွက်ဆိတ်တစ်ကောင်သည် မိသားစုအသိုက်အမြုံအတွက် အစာရိက္ခာရှာဖွေပုံနှင့် ခိုင်းနှိုင်းကာ တင်ပြထားသည်။ လူ့လောကတွင် ယောကျ်ားဟူ၍ဖြစ်လာပါက မိသားစု၏အားကိုးအားထားရာ လူစွမ်းကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသင့်ကြောင်း၊ စီးပွားရှာဖွေရာ၌လည်း ရိုးသားကြိုးစား မှုဖြင့် အားထုတ်သင့်ကြောင်း၊ လူအများဖြင့် ပေါင်းသင်းဆက်ဆံရာတွင်လည်း အဆင်ပြေချောမွေ့ ပြေပြစ်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ဘဝတွင် တိုးတက်ကြီးပွားရာလမ်းကြောင်းကို ရည်ရွယ်ကာ ရေးဖွဲ့ထားသည့် ဘဝအားမာန်ကဗျာဖြစ်ပါသည်။

ထို့အတူ 'သင်နှင့်တန်ဖိုး'ဟူသည့်ကဗျာတွင်လည်း လောက၌ လူဟူ၍ဖြစ်လာပါက စားဝတ် နေရေးအတွက် ကြိုးပမ်းရှာဖွေကြရမည်ဖြစ်ကြောင်း၊ မိုးကျသည့်အခါ ပျိုးချ၍စိုက်ပျိုးကာ အားကြိုး မာန်တက် ကြိုးစားလုပ်ကိုင်သင့်ကြောင်းကို–

**မိုးကျ၍ ထိုးဆွကုန်လော့၊**
**မျိုးချ၍ ပျိုးစကုန်လော့၊**

---

[၁၇] – ယင်း –၊ ၃၃။

[၁၈] - ယင်း-၊ ၂၆။

**တိုးကြွ၍ ကြိုးစားကြကုန်လော့။**[၁၉]

ဟူ၍ အားမာန်ထည့်ကာ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ မိမိပိုင်ဆိုင်သည့် မြေယာတို့တွင် ရဲဘော်ရဲဘက်ဖြစ်သည့် နွားညီို၊ နွားနက်တို့ဖြင့် ရှန်းကန်ကာ အသီးအနှံများဖြစ်ထွန်းအောင်မြင် အောင် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ရှန်းကန်ကြိုးစား၍ စိုက်ပျိုးထားသော သီးနှံပင်များကို မတရားခေါင်းပုံဖြတ်ကာ ရယူလိုကြသည့် ဝိသမလောဘသားအရင်းရှင်၊ မြေရှင်တို့၏ အန္တရာယ်ကို လည်း ကာကွယ်နိုင်ကြရမည်ဖြစ်ကြောင်းကို–

**သို့သော် သင်ကား၊ သင့်လုပ်အား၏**
**တရားသဖြင့်၊ ပိုင်ဆိုင်ခွင့်ကို**
**အသင့် ကာကွယ်ရလိမ့်မည်။**[၂၀]

ဟူ၍ မိမိ၏မြေ၊ မိမိ၏လုပ်အားကို ထိပါးစော်ကားခြင်းများ မပြုလုပ်နိုင်ရန် ကြိုတင်သတိဖြင့် ကာကွယ်ကြရမည်ဖြစ်ကြောင်း အားမာန်ပေးကာ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ထိုသို့ ကာကွယ်နိုင်မှသာ ကြိုးစားမှု၏ရလာဒ်အတိုင်း ခံစားရပြီး ဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်ထားသည့် ကဗျာတစ်ပုဒ်ဖြစ်ပါသည်။

ဆရာတင်မိုးရေးဖွဲ့ထားသည့် ဘဝအားမာန်ကဗျာများတွင် လောကလူသားတို့သည် မိမိတို့၏ ကိုယ်ပိုင်အရည်အသွေး၊ ကိုယ်ပိုင်တန်ဖိုး၊ ကိုယ်ပိုင်အားထုတ်မှုဖြင့် လောကကို မိမိတတ်နိုင်သည့် ဘက်မှ အလှဆင်သင့်ကြောင်း လူ့လောကတွင် ရင်ဆိုင်ကြုံတွေ့ရမည့် လောကဓံတရားတို့၏ ရိုက်ခတ်မှုဒဏ်ကိုလည်း ကြောက်ရွံ့ထိတ်လန့်မနေဘဲ၊ ရဲရဲရင်ဆိုင်သင့်ကြောင်း၊ ဘဝတွင် အခက်အခဲ များ၊ ရှုံးနိမ့်မှုများဖြင့် ကြုံတွေ့ခဲ့လျှင်လည်း အနိုင်မခံ အရှုံးမပေးဘဲ အားမာန်အပြည့်ဖြင့် ဘဝကို ရင်ဆိုင်ကျော်ဖြတ်သင့်ကြောင်း၊ လူ့လောကအလယ်တွင် အားငယ်မှု၊ သိမ်ငယ်မှုများဖြင့် ရပ်တည် မနေဘဲ မိမိကိုယ်ပိုင် အရည်အသွေးဖြင့် လောကကို အလှဆင်ကာ ဝမ်းမြောက်သင့်ကြောင်း ဘဝတွင် လောကဓံအဆိုးများ ကြုံတွေ့ရသော်လည်း မိမိ၏ဇနီး၊ ခင်ပွန်းကောင်း၊ မိတ်ဆွေ သူငယ်ချင်းကောင်း များ၏ ဖေးမမှုဖြင့် လျှောက်လှမ်းနိုင်ကြောင်း၊ မိမိ၏မိသားစုကို စားဝတ်နေရေး ပြေလည်အောင် ကြိုးပမ်းရှာဖွေပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ပိုင်ဆိုင်သည့် လယ်ယာမြေ၌ သီးပင် များ ကြိုးစားကာ စိုက်ပျိုးသင့်ကြောင်း မိမိတို့ပိုင်ဆိုင်သည့် လယ်ယာမြေနှင့် လုပ်အားကို ထိပါးလာပါက ကာကွယ် နိုင်မည်ဖြစ်ကြောင်း၊ မိသားစု၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းနိုင်ငံမှသည် ဤလောကတစ်ခွင်တွင် မိမိတို့ပိုင်ဆိုင်သည့် ကိုယ်ပိုင်အရည်အသွေး၊ ကိုယ်ပိုင်စွမ်းဆောင်ချက်တို့ဖြင့် အလှဆင်သင့်ကြောင်း ဘဝခွန်အားပေးကာ ရေးဖွဲ့ထားသည့် ကဗျာများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**တင်မိုး၏ ကဗျာများမှ မိဘမေတ္တာအဖွဲ့များ**

ဆရာတင်မိုး၏ မိဘမေတ္တာဖွဲ့ကဗျာများကို ဆက်လက်၍ လေ့လာတင်ပြပါမည်။

မြန်မာအဘိဓာန်တွင်–

**မိဘဆိုသည်** – **မိခင် နှင့် ဖခင်**[၂၁] ဟုလည်းကောင်း
**မေတ္တာဆိုသည်မှာ – ချစ်ခင်ခြင်း (ပါ၊ မေတ္တာ)**[၂၂]

---

[၁၉] တင်မိုး၊ ၂၀၁၈၊ ၂၉။

[၂၀] တင်မိုး၊ ၂၀၁၆၊ ၂၉။

[၂၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၆၇။

[၂၂] – ယင်း –၊ ၂၇၉။

ဟုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့် မိဘမေတ္တာဟူသည် မိခင် ဖခင် တို့က သားသမီးတို့အပေါ်ထားသော ချစ်ခင်ခြင်းဟု ဖွင့်ဆိုချင်ပါသည်။

ဆရာတင်မိုး၏ ကဗျာများထဲတွင် မိဘမေတ္တာကိုပေါ်လွင်အောင် ရေးဖွဲ့ထားသည့် မိဘမေတ္တာဖွဲ့ကဗျာများကိုလည်း တွေ့ရပါသည်။ မိဘတို့၏ သားသမီးများအပေါ်ထားသော အနှိုင်းမဲ့ မေတ္တာတရား၊ စိုးရိမ်ပူပန်စိတ်၊ အနစ်နာခံမှု၊ ဆုံးမပဲ့ပြင်မှု စသည့်တို့ကို ထိုကဗျာများထဲတွင် တွေ့ရသည်။

ဆရာတင်မိုး၏ 'မိခင့်အဖြစ်'ဟူသော ကဗျာထဲတွင် မိခင်သည် သားအပေါ်ထားသော အနစ်နာခံမှု ချစ်ခြင်းမေတ္တာတို့ကို ပေါ်လွင်စေရန် မိခင်သည် အချိန်မတန်ဘဲ အိုမင်းသွားရပုံဖြင့် ဖော်ပြရေးဖွဲ့ထားသည်ကို တွေ့ရသည်။ မိမိ၏ ရင်နှစ်သည်းခြာသားအတွက် မဟူရာကဲ့သို့ နက်ပြောင်ခဲ့သည့်ဆံပင်များ ဖြူသွားရပုံ၊ ပါးရေများ တွန့်လိပ်သွားရပုံ၊ ကြည်လင်တောက်ပခဲ့သည့် မျက်လုံးများ မှုန်ဝါးသွားရပုံ၊ သွားများမှာလည်း ကျိုးကြွေသွားရပုံ၊ ခါးကိုင်းလာပုံ စသည်တို့ကို သားဖြစ်သူမှမြင်ယောင်ကာ တင်ပြထားပုံဖြင့် မိခင်၏မေတ္တာကို ပေါ်လွင်အောင် ရေးဖွဲ့ထားပါသည်။

ထိုသို့ မိခင်သည် လောကဓံ၏ ဖိစီးနှိပ်စက်မှုဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်ကာ သားဖြစ်သူ၏ ဘဝကောင်းစားရေးအတွက် စေတနာမေတ္တာထားကာ ကြိုးစားရုန်းကန်ခဲ့ရရှာသည်။ ထိုသို့ လောကဓံ၏ရိုက်ပုတ်မှုဒဏ်ရာဒဏ်ချက်များကြောင့် ယခုကဲ့သို့ ဇရာ၏ဖိစီးနှိပ်စက်မှုဒဏ်ကို အချိန်မတန်ဘဲ ခံစားနေရပုံကို-

**အမေ့ရုပ်ဝါ၊ ငါ့တွက်သာလျှင်**
**အခါမတန်၊ ချိန်မှန်မရောက်**
**တစ်ခေါက်တစ်ခါ၊ ပြန်မလာသော**
**ဇရာသူ့နှယ်၊ အိုမင်းရွယ်သို့**
**နုနယ်အခိုစောရှာထင့်။**[၂၃]

ဟူ၍ ရေးဖွဲ့ထားပါသည်။ မိခင်သည် မိမိအတွက် အနစ်နာခံပေးဆပ်ကာ ရုန်းကန်ရှာဖွေကျွေးမွေးခဲ့ပုံကို ပေါ်လွင်အောင် ရေးဖွဲ့ထားနိုင်သည်။ သားဖြစ်သူ၏ဘဝကို လောကအလယ်တွင် သာယာဖြောင့်ဖြူးစေရန်အတွက် အနစ်နာခံပေးဆပ်ရင်း လောကဓံဖိစီးနှိပ်စက်မှုဒဏ်ကို ခံခဲ့ရပုံမှာ ပေါ်လွင်လှပါသည်။

ထို့အတူ ''မေမေ့အတွေး''ဟူသည့် ကဗျာတွင်လည်း မိခင်သည် မိမိ၏သားကို အကောင်းမွန်ဆုံးအရာများကိုသာ ဖြစ်စေလိုသည့်ဆန္ဒများကို တွေ့ရသည်။ မိမိ၏သားငယ်ကို လူ့လောက၏ ထိပ်ဆုံးမှနေ၍ မြင့်မားသောအဆင့်အတန်း ဂုဏ်ပကာသနများဖြင့် ဂုဏ်ယူဝင့်ကြွားစွာရပ်တည် ရှင်သန်စေလိုသည့်ဆန္ဒသဘောထားကို တွေ့ရသည်။ သို့သော် ထိုဂုဏ်ပကာသနအဆင့်အတန်း မြင့်မားမှုများသည် လောကဓံ၏ အခက်အခဲဒုက္ခများဖြင့် ကြုံတွေ့ရပြီး တစ်ချိန်တွင် ဆုံးရှုံးပျက်သုန်းရသည့် မတည်မြဲမှုသဘောကို တွေးမြင်မိသည့်အခါ မိခင်သည် စိုးရိမ်ပူပန်သည့်စိတ် ဝင်လာမိပုံကို-

**ပန်းဖြူပွင့် မြေပြင်မှာ**
**ငွေကြယ်ပွင့် ကြွေစဉ်လာ**
**ပျာကရာ အမေတွေး။**

---

[၂၃] တင်မိုး၊ ၂၀၁၆၊ ၉။

**ပန်းပွင့်လွှာ တာရာဖူးငယ်တို့**
**သားရွှေစင်ပျိုရွယ်လူး**
**ဟုတ်ဘူးတဲ့လေး။**[၂၄]

ဟူ၍ မိခင်မေတ္တာကို ပေါ်လွင်အောင် ရေးဖွဲ့ထားပါသည်။ ထိုသို့ ပန်းပွင့်များ ငွေကြယ်ပွင့်များ သည် အလှပဆုံး ထွန်းလင်းတောက်ပကြသော်လည်း လောကသဘာဝအတိုင်း မမြဲသောသဘော အတိုင်း ကြွေလွင့်သွားရပုံကို မိခင်မြင်ကာ စိုးရိမ်သောကရောက်သွားသည်။ ထိုအခါ မိမိ၏သားကို လည်း ထိုပန်းပွင့်၊ ကြယ်ပွင့်လေးကဲ့သို့ ထွန်းလင်းတောက်ပစေလိုသည်။ ပန်းပွင့်လေးများ၊ ကြယ်ပွင့်လေးများ ကြွေသည်ကိုမြင်ကာ စိုးရိမ်သောကရောက်သွားသည့် မိခင်သည် မိမိ၏သားကိုလည်း လောက၌ အတောက်ပဆုံးထွန်းလင်းကာ ကြွေလွင့်သွားစေချင်သည့်ဆန္ဒကို တွေ့ရသည်။ လောက အကျိုးကို သယ်ပိုးထမ်းရွက်ကာ ကောင်းမွန်သည့် နာမည်တစ်လုံး ကျန်ရစ်စေလိုသည့်သဘောကို ဤကဗျာတွင် တွေ့ရသည်။

ထို့အတူပင် မိဘတို့သည် သားသမီးတို့အား ခန္ဓာကိုယ် ကြံ့ခိုင်မှုသာမက စိတ်ဓာတ်လည်း နူးညံ့သိမ်မွေ့စေရန် ငယ်စဉ်မှစ၍ သွန်သင်ဆုံးမခဲ့ကြသည်။ 'လက်ဆောင်ကောင်း'ကဗျာတွင် ဖခင် ၏ မေတ္တာတရားလက်ဆောင်မှာ နေရောင်ကဲ့သို့ ထွန်းလင်းတောက်ပပုံ၊ ဖခင်သည် မိမိ၏သားကို ထက်မြက်ရဲရင့်သည့် သတ္တိများဖြင့် လူချွန်လူကောင်းတစ်ယောက် ဖြစ်စေရန် ငှက်ကြီးတောင် ကျောက်စီဓားကို လက်ဆောင်ပေးခဲ့ပုံဖြင့် ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ တစ်နည်းအားဖြင့် လက်ရုံးရည် ပြည့်ဝကာ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းရွက်နိုင်သော သားကောင်းဖြစ်စေရန် ဖခင်က ဆန္ဒရှိ ပုံကို-

**ဖေဖေရဲ့လက်ဆောင်**
**နေရောင်နှင့်ဖွေး။**
**ငှက်ကြီးတောင်ကျောက်စီဓား**
**အင်အားကွဲ့လေး။**[၂၅]

ဟူ၍ ရေးဖွဲ့ထားသည်။

မိခင်၏ လက်ဆောင်အနေဖြင့် မိခင်၏မေတ္တာသည် လရောင်ကဲ့သို့ အေးချမ်းပုံ၊ မိမိ၏သား ကို လက်ရုံးရည်သာမက နှလုံးရည်ပါပြည့်ဝစေရန်အတွက် စံပယ်ဖြူကုံးကဲ့သို့ ဖြူစင်သည့် စိတ် နှလုံးဖြင့် စာနာထောက်ထားလိုသည့်စိတ် နူးညံ့သိမ်မွေ့သည့်စိတ်၊ အခက်အခဲဒုက္ခများနှင့် ကြုံတွေ့ နေရသည့်သူများကို ကူညီဖေးမပေးတတ်သည့်စိတ်စသည့် ယောကျ်ားကောင်းပီသသည့် စိတ်နှလုံးကို လက်ဆောင်အဖြစ် ထည့်သွင်းပေးခဲ့ပုံကို-

**မေမေရဲ့လက်ဆောင်**
**လရောင်နှင့်အေး**
**ပွင့်ကြွားဖွယ်စံပယ်ကုံး**
**နှလုံးကွဲ့လေး။**[၂၆]

[၂၄] တင်မိုး၊ ၂၀၁၈၊ ၂၅။

[၂၅] – ယင်း –၊ ၅၂။

[၂၆] တင်မိုး၊ ၂၀၁၈၊ ၅၂။

ဟူ၍ ရေးဖွဲ့ထားသည်။ ဤကဗျာလေးတွင် မိဘသည် သားသမီးအပေါ်ထားသည့် မေတ္တာတရားမှာ ပေါ်လွင်လှသည်။ ဖခင်က သားကို ခွန်အားနှင့်သတ္တိကိုယ်စားပြုသည့်အနေဖြင့် ဓားလက်ဆောင်ကို လည်းကောင်း၊ မိခင်က သားကို ယောကျ်ားကောင်းပီသသည့် စိတ်စေတနာရှိစေချင်သည့်အနေဖြင့် စံပယ်ပန်းကဲ့သို့ ဖြူစင်လှသည့် နှလုံးသားကိုလည်းကောင်း ပေးအပ်ပုံဟူ၍ နိမိတ်ပုံပြကာလှပစွာ ရေးဖွဲ့တင်ပြထားပါသည်။ မိမိတို့၏သားသည် ခွန်အားသတ္တိနှင့် ပြည့်စုံသည်သာမက ဖြူစင်သည့် နှလုံးသားပိုင်ရှင်ရှိသူဖြစ်ပြီး နိုင်ငံနှင့်လူမျိုးအတွက် တန်ဖိုးရှိသည့် လူတစ်ယောက်ဖြစ်လာစေရန် ဆန္ဒရှိသည်။ မိဘတို့၏ သားသမီးများအပေါ်ထားသည့် မေတ္တာတရားကို ပေါ်လွင်အောင် ရေးဖွဲ့ ထားကြောင်း တွေ့ရသည်။ ထို့ကြောင့် မိဘတို့၏ မေတ္တာတရားကို နားလည်ပြီး ကြည်နူးပီတိ ဖြစ်ရသည်။ တုနှိုင်း၍မရသည့် မေတ္တာတရားပြည့်ဝသော အမိအဖတို့၏ စေတနာဆန္ဒကိုလည်း မြင်တွေ့ရသည်။ မိဘနှစ်ပါး၏ မေတ္တာတရားလက်ဆောင်များမှာ သား၏ဘဝခရီးလမ်းတစ်လျှောက် ရင်ဆိုင်ကျော်ဖြတ်နိုင်သည့် ဘဝခွန်အားကို ပေးစွမ်းနိုင်သော အဖိုးမဖြတ်နိုင်သည့်လက်ဆောင်များ အဖြစ် တင်စားကာ နိမိတ်ပုံပြု ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ဆရာတင်မိုး၏ မိဘမေတ္တာဖွဲ့ကဗျာများတွင် သားသမီးတို့အပေါ်ထားရှိသည့် မိဘတို့၏ မျှော်လင့်ချက်၊ ဆန္ဒ၊ စေတနာ၊ မေတ္တာတရားများကို တွေ့ရသည်။ မိခင်သည် သားဘဝ ကောင်းစားရေးအတွက် ပင်ပန်းဆင်းရဲစွာ ရုန်းကန်ရင်း မိမိ၏ရုပ်ရည်ကို ဂရုမထား ဇရာဆိုသော အရာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့သော် သားအတွက် အနစ်နာခံပေးဆပ်ကာ ရုန်းကန် လှုပ်ရှားပေးခဲ့သည့် အဆုံးမဲ့စုန်ရေကို ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ မိခင်၏ သားအပေါ်ထား သော မေတ္တာတရားမှာ နှိုင်းဆမရအောင်ပင် ကြီးမားလှကြောင်း တွေ့ရသည်။ ထို့ပြင် တိုင်းပြည် အကျိုး သယ်ပိုးထမ်းရွက်နိုင်သည့် သားကောင်းများဖြစ်စေချင်သည့်ဆန္ဒ၊ လူ့လောကတွင် နာမည် ကောင်းကျန်စေချင်သည့် ဆန္ဒများကိုလည်း တွေ့ရသည်။ ထို့ကြောင့် ဆရာတင်မိုး၏ မိဘမေတ္တာဖွဲ့ ကဗျာများတွင် သားသမီးများအပေါ်ထားသော မိဘတို့၏ မေတ္တာတရားများကို ကြည်နူးနှစ်သက် ဖွယ်ဖြစ်အောင် ဖော်ကျူးရေးဖွဲ့ထားသည်ကို တွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

၁၉၅၉ ခုနှစ်တွင် စာပေဗိမာန်ကဗျာဆုရရှိခဲ့သည့် ''ဖန်မီးအိမ်ကဗျာများ'' စာအုပ်တွင် ဆရာတင်မိုးသည် အတွေးစိတ်ကူးကောင်းမွန်စွာ ဖွဲ့နွဲ့သီကုံးထားသည်ကို တွေ့ရသည်။

ဆရာတင်မိုးသည် ကဗျာများကို ဖန်တီးရေးဖွဲ့ရာတွင် အနုပညာဂုဏ်မြောက်အောင် ဖန်တီး ရေးဖွဲ့နိုင်သည်ကို တွေ့ရသည်။ ဆရာတင်မိုး၏ ကဗျာများသည် ဘဝအတွေးအမြင်ဖြင့် လောက အမှန်တရားကို သိရှိလာစေပြီး အလှတရားကိုလည်း နှစ်သက်မြတ်နိုးလာစေသည်။

ဆရာတင်မိုး၏ ဘဝအားမာန်ကဗျာများတွင် ဘဝကို ရင်ဆိုင်ရဲသော စွမ်းအားသတ္တိမျိုး ပေးစွမ်းနိုင်သည်ကို တွေ့ရသည်။ ဘဝကို အရှုံးပေးအညံ့ခံလိုသည့်စိတ်မှ ကြံ့ကြံ့ခံပြီး ပြန်လည် ဖြည့်တင်း လန်းဆန်းစေသည့် အစွမ်းရှိသည်။ လူ့ဘဝတွင် ကြီးကျယ်မြင့်မြတ်ခြင်း၊ ထည်ဝါ တောက်ပခြင်းများရှိမှသာ အောင်မြင်မည်မဟုတ်ပေ။ ထို့ပြင် အခက်အခဲများနှင့်ကြုံ၍ လောကကို လက်မြှောက် အရှုံးပေးမည်ဟု တွေးကြံသည့်သူများကိုလည်း ရဲရင့်တက်ကြွစေသည့် စိတ်ဓာတ် ခွန်အားများ ရှိလာစေရန် လှုံ့ဆော်ပေးနိုင်သည့် ဘဝအားမာန်ကဗျာများ ဖြစ်ပါသည်။

မိဘမေတ္တာဖွဲ့ ကဗျာများတွင် မိဘတို့သည် သားသမီးများအတွက် အနစ်နာခံပေးဆပ်ကာ ပင်ပန်းဆင်းရဲစွာ လှုပ်ရှားရုန်းကန်ရင်း ဘဝကို ရင်ဆိုင်ဖြတ်သန်းကြပုံကို ရေးဖွဲ့တင်ပြထားသည်။

မိဘတို့သည် သားသမီးများကို လောက၌ အကောင်းမွန်ဆုံးအရာများကိုသာ ဖြစ်စေချင်ကြသည်။ သားသမီးများ၏ အောင်မြင်မှုသရဖူကိုသာ မြင်လိုကြသည်။ တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် လူတော်လူကောင်းကလေးများ ဖြစ်စေချင်သည့်သဘောကိုလည်း တွေ့ရသည်။ ဆရာတင်မိုး၏ မိဘမေတ္တာဖွဲ့ကဗျာများတွင် သားသမီးများအပေါ်ထားသော မိဘတို့၏ အနှိုင်းမဲ့မေတ္တာ၊ စေတနာ၊ အနစ်နာခံပေးဆပ်မှု စသည်တို့မှာ စုန်ရေကဲ့သို့ အေးမြလှပုံကို ပေါ်လွင်အောင်ဖော်ကျူး ရေးဖွဲ့ထားသည့် ကဗျာမျိုးဖြစ်ကြောင်း တွေ့ရပါသည်။

ဆရာတင်မိုး၏ ကဗျာအကြောင်းအရာများမှာ ကွဲပြားသော်လည်း အကြောင်းအရာတစ်မျိုးချင်းစီအလိုက် ရည်ရွယ်ချက်သို့ရောက်အောင် တင်ပြထားနိုင်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဆရာတင်မိုး၏ကဗျာများသည် စာဖတ်သူအား ကျေနပ်နှစ်သက်လက်ခံလာစေပြီး လေးနက်သော ဘဝအသိအမြင်ကို စာဖတ်သူအား ပေးစွမ်းနိုင်သည်ဟု သုံးသပ်ခံစားမိပါသည်။

## နိဂုံး

ဤစာတမ်းသည် တင်မိုး၏ ဘဝအားမာန်ကဗျာများနှင့် မိဘမေတ္တာဖွဲ့ ကဗျာများအကြောင်းကို လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ဤကဗျာများကို လေ့လာဖတ်ရှုခြင်းဖြင့် ဘဝကို အရှုံးပေးလိုသည့်စိတ်များဖြင့် ကြောက်ရွံ့အားငယ်နေမည့်သူများကိုလည်း စိတ်ဓာတ်ခွန်အားပေးထားနိုင်သကဲ့သို့ မိဘတို့၏ တုနှိုင်း၍မရသော ကြီးမားလှသော မေတ္တာတရားကို နားလည်လက်ခံပြီး ချစ်မြတ်နိုးကာ တန်ဖိုးထားလာကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

## ကျမ်းကိုးစာရင်း


တင်၊ ဦး (ပုဂံဝန်ထောက်-)။ (၂၀၁၃)။ ***ကဗျာဗန္ဓသာရကျမ်း (ပဉ္စမအကြိမ်)***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တင်မိုး။ (၂၀၁၁)။ ***မြန်မာကဗျာရှုခင်း***။ ရန်ကုန်၊ ရာပြည့်စာပေ။

တင်မိုး။ (၂၀၁၈)။ ***ကဗျာပေါင်းချုပ်-၁ (တတိယအကြိမ်)***။ ရန်ကုန်။ စိတ်ကူးချိုချိုစာပေ။

မင်းသုဝဏ်။ (၁၉၆၉)။ ***ကဗျာရေးချင် စာစပ်သင်***။ ရန်ကုန်၊ စံပယ်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန် (ဒုတိယအကြိမ်)*** ရန်ကုန်၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန် (ပထမအကြိမ်)***။ ရန်ကုန်၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ။